Group Legal

# NEWSLETTER

## စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ဆက်စပ်သော မူပိုင်ခွင့်များ (အပိုင်း ၃)

စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ မျက်နှာပြင်များ၊ အရောင်များ၊ ဒြပ်သားများဖြင့် ဖန်တီးကြရသည်။ စက်မှုဒီဇိုင်းဖန်တီးရာတွင် နှစ်ဖက်မြင် စက်မှုဒီဇိုင်းများ ရှိသလို သုံးဖက်မြင်စက်မှုဒီဇိုင်းများလည်း ရှိပါသည်။ လက်ကိုင်ပုဝါ၊ အထည်အလိပ်များ၊ ကတ်ပြားဒီဇိုင်းများသည် နှစ်ဖက်မြင်ဒီဇိုင်းများဖြစ်ပြီး၊ ဒုနှင့်ထည်နှင့်ရှိသော ရုပ် ဝတ္ထုများသည် သုံးဖက်မြင်ဒီဇိုင်းများဖြစ်ကြသည်။ ထို့ပြင် စက်မှုဒီဇိုင်းတွင် အလှဆင်သည့် ဒီဇိုင်းများပါဝင်သလို၊ နေရာအခင်းအကျင်းများ၏ အပြင်အဆင်၊ လက်ဝတ်ရတနာဒီဇိုင်းများ၊ ဗိသုကာဒီဇိုင်းများလည်း ပါဝင်သည်။ ထိုသို့သော အလှအပအဆင်တန်ဆာများကိုလည်း စက်မှုဒီဇိုင်းအဖြစ် မှတ်ယူနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော အလှအပအဆင်တန်ဆာများကို စက်မှုနည်းပညာဖြင့်ဖြစ်စေ၊ လက်မှုနည်းပညာဖြင့်ဖြစ်စေ အမြောက်အများ စီးပွားဖြစ် ထုတ်လုပ်နိုင်သောကြောင့် ဖြစ်ပါသည်။ ထို့သို့ အမြောက်အများထုတ်လုပ်နိုင်ရမည့် အချက်သည်လည်း စက်မှုဒီဇိုင်း၏ သဘောသဘာဝ ပြည့်ဝရန် လိုအပ်ချက်လည်းဖြစ်ပါသည်။

“မည်မျှ ထုတ်လုပ်မှ အမြောက်အများထုတ်လုပ်သည်ဟု သတ်မှတ်နိုင်သနည်း။”

“စီးပွားရေးဆိုင်ရာလုပ်ဆောင်မှုများတွင် ပုံစံတူထုတ်လုပ်နိုင်ပါက အမြောက်အများထုတ်လုပ်နိုင်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။”

ဥပဒေပါ စက်မှုဒီဇိုင်း၏ အဓိပ္ပာယ်သတ်မှတ်ချက်သည် နိုင်ငံချင်းအလိုက် ကွဲပြားတတ်သည်။ ဒေသချင်းအလိုက် ကွဲပြားတတ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတွင် အောက်ပါအတိုင်း သတ်မှတ်ဖော်ပြထားပါသည်။

“စက်မှုဒီဇိုင်း ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ အထည်အလိပ်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာ တို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်း တို့၏ အပြင်ပန်းပုံသဏ္ဌာန်ကို ဆိုလိုပါသည်။”

သို့သော် တူညီသည့်လက္ခဏာရပ်များ ပါဝင်နေတတ်သည်။ ၎င်းလက္ခဏာရပ်များမှာ မြင်သာမှုရှိခြင်း(*Visibility*)၊ ထူးခြားသည့် အသွင်အပြင်ရှိခြင်း (Special appearance)၊ နည်းပညာအသွင် မဆောင်ခြင်း (Non-technical aspect)၊ အသုံးပြုမည့် ပစ္စည်းတစ်ခုခုတွင် ပါဝင်ဖွဲ့စည်းထားခြင်း (Embodiment in a utilitarian article)စသည်တို့ ဖြစ်ကြသည်။ မြင်သာမှုရှိခြင်းဆိုသည်မှာ မျက်စိဖြင့် ခံစားရှုမြင်နိုင်ခြင်းကို ဆိုလိုသည်။ ၎င်းသည် စက်မှုဒီဇိုင်းတစ်ခု သတ်မှတ်ဖို့အတွက် လိုအပ်ချက်တစ်ရပ်လည်းဖြစ်သည်။ စက်မှုဒီဇိုင်းကို ထုတ်ကုန်တစ်ခုခုတွင် ပါဝင်ဖွဲ့စည်းလိုက်သောအခါ ထုတ်ကုန်၏ ပုံပန်းသဏ္ဌာန် သို့မဟုတ် ပြင်ပသဏ္ဌာန်ကို အမြင်အာရုံဖြင့် ဆုံးဖြတ်နိုင်ရပါမည်။ ၎င်းထုတ်ကုန်ကို ပုံမှန်အသုံးပြုနေစဉ်အတွင်းတွင်လည်း အသွင်သဏ္ဌာန် ပြောင်းလဲ မသွားရပါ။ ဥပမာ မီးပန်း၊ ရေပန်းများသည် ပုံမှန်အသုံးပြုနေစဉ်အတွင်း ပုံသဏ္ဌာန် ပြောင်းလဲ သွားသည့်အတွက် မီးပန်းရေပန်းများကို စက်မှုဒီဇိုင်းအဖြစ် သတ်မှတ်နိုင်ခြင်း မရှိပါ။ ပုံမှန်အသုံးပြုခြင်းတွင် ပြုပြင်ထိန်သိမ်းရေးအလုပ်များ၊ ဝန်ဆောင်မှုများ၊ အသုံးပြုသူက ထိုပစ္စည်းကို အသုံးပြုခြင်းများ ပါဝင်သည်။ မော်တော်ကားအင်ဂျင်အစိတ်အပိုင်းများသည် ကားကို ပုံမှန်အသုံးပြုနေစဉ်အတွင်း မမြင်နိုင်ပေ။ ထိုအချက်သည်လည်း စက်မှုဒီဇိုင်းသဘာဝ ပြည့်စုံရန် အရေးပါသော အချက်တစ်ချက်ဖြစ်ပါသည်။

ထူးခြားသည့်အသွင်သဏ္ဌာန်ဟူသည်မှာ သုံးစွဲသူအား ဆွဲဆောင်နိုင်သော အသွင်အပြင်နှင့် သုံးစွဲသူက အခြားအမျိုးတူပစ္စည်းနှင့်ခွဲခြားနိုင်သော အသွင်အပြင်များကို ဆိုလိုသည်။ ၎င်းအသွင်သဏ္ဌာန်များကို ဖန်တီးသူ၏ စိတ်ကူးစိတ်သန်းဖြင့် ပုံဖော်ဖန်တီးနိုင်သည်။ ထူးခြားသည့် အသွင်သဏ္ဌာန်အား ဖန်တီးရာတွင် မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်များ၊ ထုထည်များ၊ အထည်အသားများကို လိုအပ်သလို အသုံးပြုနိုင်ပါသည်။




Photo: https://www.istockphoto.com/vector/tea-coffee-vintage-cup-set-vintage-teacup-collection

နည်းပညာအသွင်မဆောင်ခြင်းဆိုသည်မှာ ထုတ်ကုန်၏ အင်္ဂါရပ်များ၊ အသွင်အပြင်များသည် အသုံးပြုရန် နည်းနာသက်သက်၊ လုပ်ဆောင်ရန် နည်းနာသက်သက်ပဲ မဖြစ်ရပါ။ ဥပမာ ဖိနပ် အောက်ခံရှူးပြားတွင် ပန်းကွက်များ ဖော်ထားခြင်းသည် လမ်းလျှောက်ရာတွင် ကြမ်းပြင်နှင့် ဖိနပ်ကြား လိုအပ်သော ကြမ်းတမ်းမှုတစ်ခု ရရှိရန် ရည်ရွယ်ပါသည်။ အလှအပအဆင်တန်ဆာ သဘောမပါရှိပါ။ ကားတာယာများတွင်လည်း ထိုနည်းတူပင်ဖြစ်ပါသည်။ ထိုသို့သော အကွက် အဆင်များသည် စက်မှုဒီဇိုင်းဟု ခေါ်ဆို၍ မရနိုင်ပါ။ သို့သော် အချို့သော လမ်းလျှောက်ဖိနပ်များ၏

**အောက်ခြေတွင် အကွက်အဆင်များအပြင် အရောင်အသွေးများပါ ခြယ်သထားတတ်ကြပါသည်။ ထိုအခါ အောက်ခံရှူးပြားဒီဇိုင်းသည် လုပ်ဆောင်မှုသက်သက်၊ နည်းပညာသက်သက် မဟုတ်တော့ပဲ အလှအပအဆင်တန်ဆာအသွင်ပါဆောင်လာသည်။ ထိုအခါ စက်မှုဒီဇိုင်းအဖြစ် အသိအမှတ်ပြုလာနိုင်သည်။**





**Photo: https://www.istockphoto.com/search/2/image-film?phrase=sneakers+bottom+view**

**စက်မှုဒီဇိုင်းတစ်ခုကို အသုံးပြုမည့်ပစ္စည်းတွင် ပါဝင်ဖွဲ့စည်းထားသည်။ ထုတ်ကုန်အား ဒီဇိုင်းဖြင့် ပုံဖော်ဖွဲ့စည်းထားသည့် သဘောဖြစ်သည်။ ၎င်းထုတ်ကုန်ကို အနုပညာလက်ရာ အဖြစ် ရည်ရွယ်ထားခြင်းမဟုတ်ဘဲ အသုံးပြုမည့် ပစ္စည်းဟု ရည်ရွယ်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ထုတ်ကုန်သည် အမြင်အာရုံကို ဆွဲဆောင်နိုင်ရုံမက အသုံးပြုရန်အတွက်ပါ အသုံးဝင် ရမည်။**

**ထို့ကြောင့် ဒီဇိုင်းဖန်တီးသူသည် မိမိဒီဇိုင်းအား ဖန်တီးရာတွင် အနုပညာလက်ရာအဖြစ် ပုံဖော် မည်လား၊ အသုံးပြုပစ္စည်းအဖြစ် ပုံဖော်မည်လား၊ အသုံးပြုရန် နည်းနာပါဝင်သည့် ပစ္စည်းအဖြစ် ပုံဖော်ဖန်တီးမည်လားဆိုတာ ဒီဇိုင်းဖန်တီးသူ၏ စိတ်ကူးစိတ်သန်းနှင့်သာ သက်ဆိုင်ပါသည်။ ထို့ပြင် ထွက်ပေါ်လာသော ဒီဇိုင်းပါဝင်သည့် ထုတ်ကုန်ကိုလည်း အကာအကွယ်ယူရာ မည်သည့် ဥပဒေအရိပ်တွင် အကာအကွယ်ယူမည်ကိုလည်း ဆက်စပ်စဉ်းစားတတ်ဖို့လိုပါသည်။ ထိုသို့စဉ်းစားဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေရန် ဤဆောင်းပါးကို ရေးသာတင်ပြလိုက်ပါသည်။**

**စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ဆက်စပ်သော မူပိုင်ခွင့်များ အပိုင်း (၁) ကို ကြည့်ရန် link ကိုနှိပ်ပါ။**

**စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ဆက်စပ်သော မူပိုင်ခွင့်များ အပိုင်း (၂) ကို ကြည့်ရန် link ကိုနှိပ်ပါ။**